Assistance Association for Political Prisoners
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း

# အာဏာသိမ်း ရက် ၂၀၀ အတွင်း စစ်အုပ်စုက အပြစ်မဲ့ပြည်သူ ၁၀၀၀ ကျော် သတ်ဖြတ်

၂၁ ရက် ဩဂုတ်လ ၂၀၂၁

တိုင်းပြည်အချုပ်အခြာအာဏာကို မတရားသဖြင့် အနိုင်ကျင့်လုယူထားသည့် အကြမ်းဖက်စစ်တပ်ကို ဆန့်ကျင်၍ ဒီမိုကရေစီ ပြန်လည်ရှင်သန်ရေးအတွက် ပြည်သူလူထုတစ်ရပ်လုံးက ကြိုးပမ်းဆောင်ရွက်ရာတွင် စစ်တပ်၏လူမဆန်သော ရက်စက်ရမ်းကားမှုများကြောင့် ကျဆုံးသွားခဲ့ရသည့် အရပ်သားပြည်သူအရေအတွက်မှာ အာဏာသိမ်းမှုရက်ပေါင်း ၂၀၀ ပြည့်ချိန်တွင် (၁၀၀၇) ဦးရှိလာခဲ့ပြီဖြစ်သည်။ အရေအတွက်ကို အချိုးချကြည့်လျှင် အပြစ်မဲ့အရပ်သားပြည်သူများမှာ အကြမ်းဖက်စစ်တပ်ကြောင့် တစ်ရက်လျှင် ပျမ်းမျှ (၅) ဦးနှုန်း မတရားသတ်ဖြတ်ခြင်းခံနေရသည်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ယခင်ကတည်းက အချက်အလက်ကောက်ယူမှုများ ပြုလုပ်လျက်ရှိခဲ့သလို စစ်တပ်အာဏာသိမ်းမှုဖြစ်ပေါ်လာသည့်အချိန်၌လည်း ဖေဖော်ဝါရီ (၉) ရက်နေ့က နေပြည်တော်တွင် ငြိမ်းချမ်းစွာ ဆန္ဒပြပွဲ၌ ဦးခေါင်းကို ကျည်အစစ်ဖြင့် ပစ်ခတ်ခံရပြီး ကျဆုံးသွားရသည့် မမြသွဲ့သွဲ့ခိုင်၏ ကျဆုံးမှု ဖြစ်စဉ်အပါအဝင် စစ်တပ်က ကျူးလွန်သည့် လုပ်ရပ်များကိုပါ စောင့်ကြည့်မှတ်တမ်းတင်မှု ပြုလုပ်လျက်ရှိသည်။

"အာဏာသိမ်းစစ်အုပ်စုအနေနဲ့ အရပ်သားပြည်သူတွေရဲ့ အသက်အန္တရာယ်ကို ထိခိုက်စေနိုင်ပြီး ရမ်းကားရက်စက်တဲ့ လုပ်ရပ်တွေကို အရှိန်မြှင့်လုပ်ဆောင်နေတာဟာ စနစ်တကျစီစဉ်ထားတဲ့ အကြမ်းဖက်မှု ပုံစံတစ်ခုကို ကျင့်သုံးနေတယ်ဆိုတာ တွေ့မြင်ရပါတယ်။ အစောပိုင်းကာလတွေမှာတော့ ရာဘာကျည်ဆံတွေ၊ မျက်ရည်ယိုဗုံးတွေကို အသုံးပြုပြီး ဆန္ဒပြပွဲတွေကို ဖြိုခွင်းခဲ့ပေမယ့် ဒီနည်းလမ်းတွေဟာ အာဏာသိမ်း အကြမ်းဖက်စစ်တပ်က အလိုရှိတဲ့ရလဒ်တွေကို ဖြစ်ပေါ်မလာစေတဲ့အခါမှာ ပိုမိုဆိုးရွားရက်စက်တဲ့ နည်းလမ်းတွေကို မတ်လအတွင်းမှာ ပိုမိုတိုးမြှင့်ဆောင်ရွက်လာခဲ့ပါတယ်။ မြန်မာနိုင်ငံအနှံ့မှာ အကြမ်းဖက်ဝင်ရောက် စီးနင်းမှုတွေ၊ မီးရှို့မှုတွေ၊ ညှဉ်းပန်းနှိပ်စက်မှုတွေ၊ လက်နက်ကြီးနဲ့ပစ်ခတ်မှုတွေ၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေကို စစ်တပ်က ရည်ရွယ်ချက်ရှိရှိနဲ့ ကျူးလွန်လျက်ရှိပါတယ်" ဟု AAPP က အစီရင်ခံစာတစ်ခုတွင် သုံးသပ်ပြထားခဲ့သည်။

AAPP အနေဖြင့် မည်သည့်အကြမ်းဖက်လုပ်ရပ်ကိုမဆို ကျူးလွန်ရန်ဝန်မလေးသော စစ်အုပ်စု၏ ရက်စက်မှုများကြောင့် ကျဆုံးသွားခဲ့ရသည့် အရပ်သားပြည်သူများကို အလုပ်အကိုင်၊ နေရာဒေသနှင့် ဖြစ်ရပ်များအလိုက် ခွဲခြမ်းစိတ်ဖြာ၍ သုံးသပ်မှုများ ပြုလုပ်ခဲ့သည်။




## ပညာရှင်များ

မတရားအာဏာသိမ်းမှုဖြစ်စဉ်ကို အာဏာဖီဆန်ရေးလှုပ်ရှားမှု၊ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်မှု အစရှိသဖြင့် နည်းလမ်းပေါင်းစုံဖြင့် ပါဝင်၍ ဆန့်ကျင်တော်လှန်ခဲ့ကြသော နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် အဓိက အခန်းကဏ္ဍမှရှိနေသည့် ပညာရှင်များကိုလည်း စစ်အုပ်စုက စနစ်တကျ ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်မှတ်ထား၍ သတ်ဖြတ်ခဲ့သည်။ အာဏာသိမ်းမှုဖြစ်စဉ်စတင်ကတည်းက ယနေ့အချိန်ထိ ဆေးဘက်ဆိုင်ရာဝန်ထမ်း (၆) ဦး၊ အင်ဂျင်နီယာ (၇) ဦး၊ ပညာရေးနယ်ပယ်မှ ဝန်ထမ်း (၁၀) ဦး နှင့် ကျောင်းသား (၇၁) ဦး တို့မှာ အကြမ်းဖက်စစ်တပ်၏ သတ်ဖြတ်မှုများကြောင့် ကျဆုံးသွားခဲ့ရပြီဖြစ်သည်။

## ကျဆုံးမှု အများဆုံးနေ့

တနိုင်ငံလုံးအနှံ့ စစ်အာဏာရှင်ကို အလိုမရှိကြောင်း ဆန့်ကျင်ကန့်ကွက်မှုများကို နည်းလမ်းပေါင်းစုံဖြင့် ယနေ့အချိန်ထိတိုင် ထုတ်ဖော်ဆန္ဒပြနေဆဲဖြစ်ရာ မြန်မာနိုင်ငံ၏ နိုင်ငံရေးသမိုင်းတွင် အထင်ကရ သမိုင်းဝင်ခဲ့သည့် လွတ်လပ်ရေးတိုက်ပွဲအတွက် ဆင်နွှဲခဲ့ရသော ဖက်ဆစ်စနစ်ကို တော်လှန်ခဲ့သည့် မတ်လ (၂၇) ရက်နေ့တွင်လည်း တော်လှန်ရေးနေ့ကို တပ်မတော်နေ့ဟု အစမ္မနာမည်ပြောင်းရယူထားသည့် အကြမ်းဖက်စစ်တပ်က ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ တနင်္သာရီအပါအဝင် အခြားဒေသများမှ အပြစ်မဲ့အရပ်သား ပြည်သူပေါင်း (၁၆၄) ဦး ကိုရက်ရက်စက်စက်သတ်ဖြတ်ခဲ့သည်။ ထိုအထဲတွင် အသက် (၁၈) နှစ် (၂) ဦး နှင့် အသက် (၁၈) နှစ်အောက် ကလေးသူငယ် (၁၄) ဦး စုစုပေါင်း (၁၆) ဦးတို့မှာ အကြမ်းဖက်စစ်အုပ်စု၏ လက်ချက်ဖြင့် အသက်ဆုံးရှုံးခဲ့ရသည်။

## ဒေသများ

အကြမ်းဖက်စစ်တပ်၏ လူမဆန်သောလုပ်ရပ်များကြောင့် တိုင်းနှင့်ပြည်နယ်အနှံ့ ဒေသအသီးသီးတွင် ပြည်သူ လူထုတစ်ရပ်လုံးမှာ အသက်အန္တရာယ်ခြိမ်းခြောက်မှုများကို နေ့စဉ်နှင့်အမျှရင်ဆိုင်ကြရလျက်ရှိနေသည်။ အပြစ်မဲ့အရပ်သားပြည်သူ သတ်ဖြတ်ခံရမှုများတွင် ရန်ကုန်တိုင်း၌ (၂၄၁) ဦး၊ မန္တလေးတိုင်း၌ (၂၁၇) ဦး နှင့် စစ်ကိုင်းတိုင်း၌ (၂၀၄) ဦး အထိ အစဉ်လိုက် အများဆုံးရှိနေသည်။



# ထိခိုက်နစ်နာခံစားလွယ်သည့် အုပ်စုများ

နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေတွင် ကလေးသူငယ်များကို အကာအကွယ်ပေးရေးအတွက် လိုအပ်ချက်များကို ထည့်သွင်းပြဌာန်းထားသလို ဂျီနီဗာသဘောတူစာချုပ်၏ လေးခုမြောက်စာချုပ် နှင့် နောက်ဆက်တွဲစာချုပ်စာချုပ်များတွင်လည်း ကလေးသူငယ်အရေးကို ဖော်ပြထားသည်။ ထို့အပြင် ကုလသမဂ္ဂကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူ စာချုပ်တွင်လည်းအဖွဲ့ဝင်နိုင်ငံများအနေဖြင့် လက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်နစ်နာခံစားရသော ကလေးသူငယ်များကို အထူး ဂရုစိုက်မှုနှင့် ကူညီစောင့်ရှောက်ခွင့်ကို ရယူခံပိုင်ခွင့်ရှိစေရန် ဖြစ်နိုင်သမျှသော ဆောင်ရွက်ချက်များကို စီမံချမှတ်ရန် ပြဌာန်းထားသည်။ စာချုပ်အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတွင် အာဏာသိမ်းမှုဖြစ်စဉ် စတင်ကတည်းက စစ်တပ်၏ သတ်ဖြတ်မှုကြောင့် အသက် (၁၈) နှစ် (၂၀) ဦး နှင့် အသက် (၁၈) နှစ်အောက် ကလေးသူငယ် (၆၂) ဦး စုစုပေါင်း (၈၂) ဦး တို့မှာ အသက်ဆုံးရှုံးခဲ့ရပြီ ဖြစ်သည်။

နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု ဥပဒေတွင် အမျိုးသမီးနှင့် အမျိုးသားတို့ကို တန်းတူ အကာအကွယ်ပေးရေးအတွက် အသိအမှတ်ပြုထားသော်လည်း အမျိုးသမီးဖြစ်ခြင်းကြောင့် အခွင့်အရေးပိုမို ချိုးဖောက်ခံရနိုင်သဖြင့် လုံလောက်သော နောက်ထပ် အကာအကွယ်ပေးမှုများကို အမျိုးသမီးများအတွက် အာမခံပေးထားရမည်ဟု ထည့်သွင်းဖော်ပြထားသည်။ ထိုကဲ့သို့ လုံလောက်သော အကာအကွယ်ပေးမှုဟု ဆိုရာတွင် လိင်စိတ်ခံယူမှုကွဲပြားသည့် LGBT များသည်လည်း အမျိုးသမီးများကဲ့သို့ပင် အခွင့်အရေး ချိုးဖောက်ခံရနိုင်ခြေမြင့်မားသည့်အတွက် အဆိုပါအုပ်စုကိုပါ အမျိုးသမီးများနည်းတူ အကာအကွယ်ပေးရမည်ဟု ပြဌာန်းထားသည်။

ဇွန်လ (၄) ရက် ညဉ့် လိင်စိတ်ခံယူမှုကွဲပြားနေသည့် Transgender တစ်ဦးဖြစ်သူ သော်သော်သည် မန္တလေးတိုင်း၊ ကျောက်ပန်းတောင်းမြို့နယ်တွင် အကြမ်းဖက်စစ်တပ်၏ လက်ပါးစေတပ်သားများက ပစ်ခတ်မှုကြောင့် လက်နှင့်နံရိုးတွင် ဒဏ်ရာရရှိခဲ့ပြီး လုံလောက်သောဆေးကုသမှုမရရှိဘဲ ကျဆုံးခဲ့ရသည်။ AAPP ၏အချက်အလက်ကောက်ယူမှုများအရ စစ်အုပ်စု၏ လုပ်ရပ်ကြောင့် အမျိုးသမီး (၇၀) ဦးမှာ ဖေဖော်ဝါရီ (၁) ရက်နေ့မှ ယနေ့အချိန်ထိ အသက်ဆုံးရှုံးသွားခဲ့ရပြီဖြစ်သည်။



## ဆန္ဒပြပွဲအတွင်း ကျဆုံးမှုများ

စစ်အာဏာရှင်ကို ဆန့်ကျင်တော်လှန်သော ငြိမ်းချမ်းစွာဆန္ဒပြမှုများတွင်လည်း စစ်အုပ်စု၏ အင်အားသုံး အကြမ်းဖက်ဖြိုခွင်း ပစ်ခတ်မှုများကြောင့် ပြည်သူများ ထိခိုက်ကျဆုံးခဲ့ရသည်။ ဒီမိုကရေစီလှုပ်ရှားမှု ဆန္ဒပြပွဲများတွင် ဖြိုခွင်းမှုများကြောင့် အသက်ဆုံးရှုံးရသူပေါင်း (၆၄၉) ဦးရှိနေသည်။ ထို့အပြင် ရပ်ရွာများအတွင်း အကြောင်းမဲ့ ရမ်းသန်းပစ်ခတ်မှုများနှင့် ဝင်ရောက် စီးနင်းမှုများ ပစ်ခတ်မှုများကိုလည်း စစ်အုပ်စုက ကျူးလွန်လျက်ရာရှိရာ နေ့ခင်းအချိန် လမ်းပေါ်တွင် ဆိုင်ကယ်စီးနင်းနေစဉ်ပင် စစ်ယာဉ်တန်းနှင့်ဆုံမိခိုက် ပစ်ခတ်သတ်ဖြတ်ခံရသူပင်ရှိခဲ့သည်။




အလွန်စက်ဆုပ်ဖွယ်ကောင်းသော လုပ်ရပ်တစ်ခုမှာ မတ်လ (၂၃) ရက်နေ့က မန္တလေးတွင် နေအိမ်တစ်လုံးကို ဝင်စီးနင်းပြီးနောက် ဖခင်ရင်ခွင်ထဲတွင် ကြောက်ရွံ့စွာထိုင်နေသည့် အသက် (၆) နှစ်အရွယ် သမီးငယ် မခင်မျိုးချစ်ကို ရက်ရက်စက်စက် ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းပင်ဖြစ်သည်။

ကျူးလွန်သူများ၏ ရည်ရွယ်ချက်ရှိရှိနှင့် ရန်လိုပြုမူမှုများကို ညွှန်ပြနေသည့် လုပ်ရပ်များမှာ ဆန္ဒပြပွဲအတွင်း ပါဝင်သည့် ဆယ်ကျော်သက်အရွယ်လူငယ်များ၏ ဦးခေါင်းကို ချိန်ရွယ်ပစ်ခတ်မှုများပင်ဖြစ်သည်။ အိန်ဂျယ် (ခ) ကြယ်စင်လင်းမှာ မန္တလေးမြို့၌ စစ်အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားမှုများကို တက်တက်ကြွကြွပါဝင် ဆောင်ရွက်နေသည့် အသက် (၁၉) နှစ်အရွယ် မိန်းကလေး ငယ်ဖြစ်ပြီး မတ်လ (၃) ရက်နေ့၏ ဆန္ဒပြပွဲအတွင်း စစ်အုပ်စု လက်ပါးစေများက ဦးခေါင်းကို ပစ်ခတ်ခဲ့ခြင်းကြောင့် ဆုံးပါးသွား ခဲ့ရသည်။ အကြမ်းဖက် ဖြိုခွင်းမှုများတွင် ဦးခေါင်းကိုချိန်ရွယ်၍ တမင်တကာပစ်ခတ်မှုများကြောင့် ကျဆုံးသွားခဲ့ရသူပေါင်း (၁၀၇) ဦး ရှိနေပြီ ဖြစ်သည်။

## ညှဉ်းပန်းနှိပ်စက်မှုကြောင့် ကျဆုံးမှုများ

စစ်တပ်အမည်ခံ အကြမ်းဖက်အဖွဲ့အစည်း၏ မြောက်မြားလှစွာသော ပြည်သူ့နှိပ်ကွပ်ရေး ဗျူဟာများတွင် ညှဉ်းပန်းနှိပ်စက်မှုကို မဆင်မခြင်နှင့် ရည်ရွယ်ချက်ရှိရှိ ကျင့်သုံးလျက်ရှိသည်။ စိတ်ပိုင်း၊ ရုပ်ပိုင်း၊ လိင်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများကို ကာလ တလျှောက်လုံး၌ တက်ကြွလှုပ်ရှားသူများ၊ ဆန္ဒပြသူများနှင့် အရပ်သားပြည်သူများအပေါ်တွင် ဆိုးဝါးစွာ ကျူးလွန်လျက် ရှိနေသည်။ အာဏာသိမ်းပြီးနောက် ဖမ်းဆီးခံရပြီး လူပေါင်း(၁၀၆) ဦးမှာ ဆိုးဝါးလှသော နည်းလမ်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်မှုကြောင့် ကျဆုံး သွားခဲ့ရပြီ ဖြစ်သည်။

အာဏာသိမ်း အကြမ်းဖက်စစ်အုပ်စုသည် တနိုင်ငံလုံးအနှံ့တွင် ၎င်းတို့ကို ဆန့်ကျင်သည့် ဒီမိုကရေစီရေး လှုပ်ရှားသူများအပေါ် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများ ကျူးလွန်၍ ပြင်းပြင်းထန်ထန် နှိပ်ကွပ်ရန် ယတိပြတ် ဆုံးဖြတ်ထားကြောင်း ကို သက်သေအထောက်အထားများက ဖော်ပြလျက်ရှိနေသည်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အကြမ်းဖက်စစ်အုပ်စု၏ လူ မဆန်သော လုပ်ရပ်များအပေါ် တုံ့ပြန်မှုများ လျင်မြန်စွာဆောင်ရွက်သင့်သလို အဆိုပါကျူးလွန်မှုများမှာ လက်သင့်ခံရမည့် ကိစ္စရပ် များမဟုတ်သည့်အပြင် တာဝန်ယူမှု တာဝန်ခံမှုလည်း ရှိစေရန်လည်း ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အတွက်ကြောင့် ပြည်သူ့ဆန္ဒ သဘောထားဖြင့် ဖွဲ့စည်းထားသည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို နိုင်ငံရေးအရ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတကာ အစိုးရများမှ တရားဝင်အသိအမှတ်ပြုရန် လိုအပ်သည်။

Email : info@aappb.org